ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# အခြေခံကျန်းမာရေးဝန်ထမ်းများ၏ တာဝန်နှင့်ဝတ္တရားများ

(၂၀၁၈)

# အမှာစာ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) ကို ရေးဆွဲ၍ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးအား အခြေခံကျသည့် မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ (Basic Essential Package of Health Services: BEPHS) ကို ငွေကြေးကုန်ကျမှု နည်းပါးစွာဖြင့် နေရာဒေသမရွေး ပေးစွမ်းနိုင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့်လည်း ပြည်သူလူထုအား ကျန်းမာရေးအဆင့် မြှင့်တင်ခြင်း (Health Promotion)၊ ရောဂါကြိုတင်ကာကွယ်ခြင်း (Prevention)၊ ကုသခြင်း (Curative care)နှင့် ပြန်လည်ထူထောင်ခြင်း (Rehabilitation) ဟူသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အားလုံးပါဝင်သည့် ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှု (Comprehensive Health Care) ကို ထိရောက်စွာ ပေးစွမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပဏာမကျန်းမာရေးစောင့်ရှောက်မှု၏ အခြေခံမူများဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှု သာတူညီမျှ ရရှိစေခြင်း(Equity)၊ ကာကွယ်ရေးလုပ်ငန်းများကို ဦးစားပေးခြင်း(Preventive Focus)၊ ဒေသနှင့်လိုက်လျောညီထွေမှုရှိပြီး အများပြည်သူလက်ခံနိုင်သော နည်းစနစ်များကို အသုံးပြုခြင်း (Appropriate Technology)၊ လူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ရယူဆောင်ရွက်ခြင်း (Community Involvement)၊ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း (Multi-sectoral Approach) ဟူသော မူများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ဤသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခြေခံကျန်းမာရေးဝန်ထမ်းများသည် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း (၇၀)ရာခိုင်နှုန်းမျှသော ပြည်သူလူထုသည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိကြရာ အခြေခံကျန်းမာရေးဝန်ထမ်းများသည် ကျေးလက်နေ ပြည်သူ

လူထု၏ ကျန်းမာရေးကို အနီးကပ်စောင့်ရှောက် မြှင့်တင်ပေးနိုင်ကြသူများ ဖြစ်ပါသည်။ ၎င်းတို့သည် ပြည်သူ့ကျန်းမာရေး၊ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ကြရသည့်အပြင် မိမိဌာန၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည့် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လည်း တာဝန်ရှိကြသည့်အတွက် ၎င်းတို့၏ တာဝန်နှင့်ဝတ္တရားများကို စနစ်တကျ သတ်မှတ်ပေးရန် အထူးအရေးကြီးပါသည်။

ဤစာအုပ်တွင် အခြေခံကျန်းမာရေးဝန်ထမ်းများ သိရှိလိုက်နာ ဆောင်ရွက်ရမည့် တာဝန်နှင့်ဝတ္တရားများကို ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ဖြည့်စွက်ပြုစုထားသဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများအနေဖြင့် သေချာစွာ ဖတ်ရှုလေ့လာ၍ မိမိတို့၏ လုပ်ငန်းတာဝန်များကို စနစ်တကျ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းသွားကြရန် တိုက်တွန်းအပ်ပါသည်။

ကျ။

12.7.16

ဒေါက်တာမြင့်ထွေး

ပြည်ထောင်စုဝန်ကြီး

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# မာတိကာ


အခန်း (၁) မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ တာဝန်နှင့်ဝတ္တရားများ .....................၁

အခန်း (၂) မြို့နယ်ကျန်းမာရေးအရာရှိ၏ တာဝန်နှင့်ဝတ္တရားများ..............................၆

အခန်း (၃) တိုက်နယ်ဆရာဝန်၏ တာဝန်နှင့်ဝတ္တရားများ .......................................၈

အခန်း (၄) မြို့နယ်ကျန်းမာရေးမှူး၏ တာဝန်နှင့်ဝတ္တရားများ ................................၁၁

အခန်း (၅) မြို့နယ်သူနာပြုဆရာမကြီး၏ တာဝန်နှင့်ဝတ္တရားများ ...........................၁၃

အခန်း (၆) ကျန်းမာရေးမှူးအဆင့်(၁)၏ တာဝန်နှင့်ဝတ္တရားများ ............................၁၅

အခန်း (၇) ကျန်းမာရေးမှူး၏ တာဝန်နှင့်ဝတ္တရားများ ..........................................၁၈

အခန်း (၈) ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁)၏ တာဝန်နှင့်ဝတ္တရား.......................၂၂

အခန်း (၉) အမျိုးသမီးကျန်းမာရေးဆရာမ၏ တာဝန်နှင့်ဝတ္တရားများ...................... ၂၄

အခန်း (၁၀) သားဖွားဆရာမ၏ တာဝန်နှင့်ဝတ္တရားများ ....................................... ၂၆

အခန်း (၁၁) ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)၏ တာဝန်နှင့်ဝတ္တရားများ .................. ၂၈

# အခန်း (၁)

# မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ တာဝန်နှင့်ဝတ္တရားများ

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးသည် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို အဓိက တာဝန်ယူ ဆောင်ရွက်ရပါသည်။ ဆေးရုံဝန်ထမ်းများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများကို ညီညွတ်စွာ ဦးဆောင်စုစည်း၍ ရောဂါကာကွယ်နှိမ်နင်းခြင်း၊ ကျန်းမာရေးမြှင့်တင်ခြင်း၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရပါသည်။ ထို့ပြင် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့်လည်း ပေါင်းစည်းဆောင်ရွက်ရပါသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ အဓိက တာဝန်ဝတ္တရားများမှာ -

၁။ အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးလုပ်ငန်းများ၊

၂။ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၊

၃။ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့်

၄။ ကုသရေးလုပ်ငန်းတို့ ဖြစ်ကြပါသည်။

## ၁။ **အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးလုပ်ငန်းများ**

### (၁-၁) **အထွေထွေစီမံခန့်ခွဲရေး**

(၁-၁-၁) မြို့နယ်ကျန်းမာရေးလုပ်ငန်းအဖွဲ့(Township Health Working Group: THWG)တွင် ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ အဖွဲ့၏ လုပ်ငန်းတာဝန် သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ခြင်း၊

(၁-၁-၂) မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ သင်ကြားရေးအဖွဲ့ ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ခြင်း၊

(၁-၁-၃) မြို့နယ် ဖွား/သေစာရင်းအင်းအရာရှိအဖြစ် ဆောင်ရွက်ခြင်း၊

(၁-၁-၄) အခြေခံကျသည့် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ(Basic EPHS)ကို ပြည်သူလူထု လက်လှမ်းမီစေရေးနှင့် အဆင်သင့်ဖြစ်ရေး (Service Availability and Readiness) အတွက် စီမံဆောင်ရွက်ခြင်း၊

(၁-၁-၅) ဝန်ထမ်းရေးရာကိစ္စများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီမံဆောင်ရွက်ခြင်းနှင့် တာဝန်ခွဲဝေသတ်မှတ်ပေးခြင်း၊

(၁-၁-၆) ဝန်ထမ်းများ လုပ်ငန်းခွင်လုံခြုံမှု ရရှိစေရန် ဆောင်ရွက်ခြင်း၊

(၁-၁-၇) ကျန်းမာရေးသတင်းအချက်အလက်များကို စစ်ဆေးခြင်းနှင့် လစဉ်အစီရင်ခံခြင်း။

## (၁-၂) ဆေးရုံ/ဆေးခန်းများနှင့် ကျန်းမာရေးဌာနများ စီမံခန့်ခွဲရေး

(၁-၂-၁) ဆေးရုံအုပ်ချုပ်ရေးလုပ်ငန်းများကို ထုတ်ပြန်ထားသော ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊

(၁-၂-၂) ဆေးရုံ/ဆေးခန်းများနှင့် ကျန်းမာရေးဌာနများတွင် လိုအပ်သော ဝန်ထမ်း၊ အဆောက်အဦ၊ လုပ်ငန်းသုံးပစ္စည်း၊ လုပ်ငန်းသုံးဆေးဝါးများ လုံလောက်စွာရှိရေးအတွက် အထက်အဆင့်ဌာနများသို့ တင်ပြတောင်းခံခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊

(၁-၂-၃) ဆေးရုံနှင့် ဆေးခန်းစွန့်ပစ်ပစ္စည်းများကို စနစ်တကျ သိမ်းဆည်း၊ စွန့်ပစ်ရန် ကြီးကြပ်ခြင်း၊

(၁-၂-၄) ရင်ခွဲရုံလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းအတိုင်း တိကျစွာ ဆောင်ရွက်ခြင်း၊

(၁-၂-၅) ရာဇဝတ်မှုနှင့်ပတ်သက်သော လူနာများကို သတ်မှတ်ထားသော လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊

(၁-၂-၆) အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုစီမံချက် (Mass Casualty Plan) ရေးဆွဲ၍ အစမ်းလေ့ကျင့်ထားခြင်း (Drill)။

## (၁-၃) ကွင်းဆင်းလုပ်ငန်းများ စီမံခန့်ခွဲရေး

(၁-၃-၁) မြို့နယ်အတွင်းရှိ ကျန်းမာရေးဌာနများ (အနည်းဆုံး(၂)ခု)သို့ လစဉ်ပုံမှန် ကွင်းဆင်းစစ်ဆေးခြင်း၊ မြို့နယ်ကျန်းမာရေးအရာရှိ၊ ကျန်းမာရေးမှူးအဆင့်(၁)နှင့် မြို့နယ်သူနာပြုဆရာမကြီးတို့၏ ကွင်းဆင်းလုပ်ငန်းများကို ကြီးကြပ်ပံ့ပိုးခြင်း၊

(၁-၃-၂) အခြေခံကျန်းမာရေးဝန်ထမ်းများအား ကြိုတင်ခရီးစဉ်အတိုင်း ကွင်းဆင်းလုပ်ငန်းများကို ဆောင်ရွက်စေရန် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း၊

၂။ **ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ**

(၂-၁) ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံခန့်ခွဲရေးသာမက နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုပါ ပံ့ပိုးခြင်း၊

(၂-၂) အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၂-၃) ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်ကျန်းမာရေးလုပ်ငန်းများကို ကြီးကြပ် ဆောင်ရွက်ခြင်း၊

(၂-၄) ဘေးအန္တရာယ်ကျရောက်ရာ ဒေသများတွင် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး ခြင်း။

၃။ **ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ**

(၃-၁) **ကူးစက်မြန်နှင့် ကူးစက်ရောဂါများ**

(၃-၁-၁) ကူးစက်မြန်နှင့် ကူးစက်ရောဂါများ ဖြစ်ပွားမှုကို အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုခြင်း(နယ်စပ်နှင့် အပြည်ပြည်ဆိုင်ရာဝင်ပေါက် ထွက်ပေါက်ဂိတ်များအပါအဝင်)နှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်း များ ဆောင်ရွက်ခြင်း၊

(၃-၁-၂) ထူးခြားဖြစ်စဉ်နှင့် ကပ်ရောဂါအသွင် ဖြစ်ပေါ်လာပါက ကွင်းဆင်း ၍ ကနဦးစုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်း၊ အထက်အဆင့်သို့ အချိန်နှင့် တစ်ပြေးညီ သတင်းပေးပို့ခြင်း။

(၃-၂) **တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း**

(၃-၂-၁) လုပ်ငန်းအစီအစဉ် ရေးဆွဲခြင်းကို ကြီးကြပ်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(၃-၂-၂) ကာကွယ်ဆေးနှင့် လုပ်ငန်းသုံးပစ္စည်းများ စနစ်တကျ မှာယူထိန်း သိမ်းသုံးစွဲခြင်း၊

(၃-၂-၃) (၃)လတစ်ကြိမ် လုပ်ငန်းဆန်းစစ်ခြင်းနှင့် အကြံပြုသုံးသပ်ချက်များ ပြန်လည်ပေးခြင်း။

**(၃-၃) စီမံကိန်းဝင်ရောဂါများ ကာကွယ်တိုက်ဖျက်ရေး**

(၃-၃-၁) စီမံကိန်းဝင်ရောဂါများ တိုက်ဖျက်ရေး၊ ပပျောက်ရေး၊ လုံးဝကင်းစင်ပပျောက်ရေးလုပ်ငန်းများ (Control/Elimination/Eradication) စသည်တို့ကို သတ်မှတ်ချက်နှင့်အညီ အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်း၊ ဆန်းစစ်ခြင်း၊ သတင်းပို့ခြင်း၊

(၃-၃-၂) အခြေခံကျန်းမာရေးဝန်ထမ်းများအား စီမံကိန်းဝင်ရောဂါများနှင့် ပတ်သက်၍ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပုဂ္ဂိုလ်တို့၏ အကူအညီဖြင့် ပုံမှန်/မွမ်းမံသင်တန်းများ စီစဉ်ပေးခြင်း၊ ပို့ချခြင်း၊

(၃-၃-၃) ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို (၃)လတစ်ကြိမ်ဆန်းစစ်ခြင်း၊ အကြံပြုသုံးသပ်ချက်များ ပြန်လည်ပေးခြင်း။

**(၃-၄) မကူးစက်နိုင်သောရောဂါများ ကာကွယ်ကုသရေး**

(၃-၄-၁) မကူးစက်နိုင်သောရောဂါများ ကာကွယ်ကုသရေးလုပ်ငန်းအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(၃-၄-၂) အခြေခံကျန်းမာရေးဝန်ထမ်းများအား မကူးစက်နိုင်သော ရောဂါများ ကာကွယ်ကုသရေးသင်တန်းများ ပို့ချခြင်း။

## ၄။ ကုသရေးလုပ်ငန်းများ

(၄-၁) ဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဌာနများ၏ ကုသမှုအရည်အသွေး (Quality of care) ကို စံချိန်စံညွှန်းများ (Standard of Care) အတိုင်း လိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ခြင်း၊

(၄-၂) လူနာညွှန်းပို့စနစ် (Stepwise and Emergency Referral System) ကို မြို့နယ်ကျန်းမာရေးလုပ်ငန်းအဖွဲ့၏ ပံ့ပိုးမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၄-၃) အဓိကဆေးဝါးများနှင့် အထူးဆေးဝါးများကို စနစ်တကျမှာယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သုံးစွဲခြင်း၊ အလေအလွင့်မရှိအောင် ကြီးကြပ်

ခြင်းနှင့် "Standard Treatment Guideline" အတိုင်း စနစ်တကျ သုံးစွဲတတ်စေရန် ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်း၊ လိုက်နာမှု ရှိ/မရှိ ကြီးကြပ်ခြင်း၊

(၄-၄) သူနာပြုအရည်အသွေး မြင့်မားနေစေရေးအတွက် လေ့ကျင့်ပေးခြင်း၊ သူနာပြုလုပ်ငန်းများကို ကြီးကြပ်ခြင်း၊

(၄-၅) ဓါတ်မှန်နှင့် ဓါတ်ခွဲလုပ်ငန်းများ အရည်အသွေးတိုးတက်စေရန် စီမံခန့်ခွဲခြင်း၊

(၄-၆) သွေးနှင့် သွေးပစ္စည်းများ ပုံမှန်ရရှိနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း။

# အခန်း (၂)

# မြို့နယ်ကျန်းမာရေးအရာရှိ၏ တာဝန်နှင့်ဝတ္တရားများ

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ ကြီးကြပ်မှုအောက်တွင် ပြည်သူ့ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေးလုပ်ငန်းများကို မြို့နယ်ကျန်းမာရေးအရာရှိက တာဝန်ယူဆောင်ရွက်ရပါသည်။

မြို့နယ်ကျန်းမာရေးအရာရှိ၏ တာဝန်ဝတ္တရားများမှာ -

၁။ စီမံခန့်ခွဲရေးလုပ်ငန်း၊

၂။ ပြည်သူ့ကျန်းမာရေးနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊

၃။ ကွင်းဆင်းကြီးကြပ်ခြင်းလုပ်ငန်းတို့ ဖြစ်ကြပါသည်။

## ၁။ စီမံခန့်ခွဲရေးလုပ်ငန်းများ

(၁-၁) အားလုံးပါဝင်သော မြို့နယ်ကျန်းမာရေးစီမံကိန်းလုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးအား တာဝန်ယူ/တာဝန်ခံ၍ ဆောင်ရွက်ခြင်း၊

(၁-၂) အခြေခံကျန်းမာရေးဌာနများ၏ လုပ်ငန်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြဿနာများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးထံတင်ပြခြင်း၊ လမ်းညွှန်ချက်အရ ဆက်လက်ဆောင်ရွက်ခြင်း၊

(၁-၃) နီးနွယ်သောဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(၁-၄) မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ သင်ကြားရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်ခြင်း။

## ၂။ ပြည်သူ့ကျန်းမာရေးနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ

(၂-၁) ပြည်သူ့ကျန်းမာရေးနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် အခြေခံကျန်းမာရေးဝန်ထမ်းများအား ကျွမ်းကျင်မှုအကူအညီပေးခြင်း၊ ကြီးကြပ်ဆောင်ရွက်ခြင်း၊

(၂-၂) ဘေးအန္တရာယ်နှင့် အရေးပေါ်ကျန်းမာရေးအခြေအနေ ကျရောက်ပါက ကယ်ဆယ်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၂-၃) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းမှထွက်သော စွန့်ပစ်ပစ္စည်းများကို စနစ်တကျ သိမ်းဆည်း/စွန့်ပစ်တတ်စေရန် ဝန်ထမ်းများအား အသိပညာပေး၍ လိုက်နာဆောင်ရွက်စေခြင်း၊ ကြီးကြပ်ခြင်း။

၃။ **ကွင်းဆင်းကြီးကြပ်ခြင်းလုပ်ငန်းများ**

(၃-၁) ကျန်းမာရေးဌာနများသို့ တစ်လလျှင် အနည်းဆုံးနှစ်ကြိမ် ကွင်းဆင်းစစ်ဆေးကြီးကြပ်ခြင်း၊

(၃-၂) ကွင်းဆင်းကြီးကြပ်မှုကို **"စစ်ဆေးချက်ပုံစံ"**(Check List)ဖြင့် ဆောင်ရွက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးထံ အစီရင်ခံခြင်း၊

(၃-၃) ကွင်းဆင်းချိန်တွင် လက်တွေ့ (Hands-on training, on the job training) သင်ကြားပေးခြင်း၊ ဒေသအာဏာပိုင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများ၊ ပြည်သူလူထုတို့နှင့် တွေ့ဆုံဆွေးနွေးခြင်း၊

(၃-၄) ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၏ ကြိုတင်ခရီးစဉ်၊ နေ့စဉ်မှတ်တမ်း၊ လုပ်ငန်းအစီရင်ခံစာ၊ ဖွား/သေစာရင်း စသည်တို့ကို စစ်ဆေးခြင်း၊ သုံးသပ်အကြံပြုခြင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးထံ တင်ပြခြင်း။

# အခန်း (၃)

# တိုက်နယ်ဆရာဝန်၏ တာဝန်နှင့်ဝတ္တရားများ

တိုက်နယ်ဆရာဝန်၏ တာဝန်ဝတ္တရားများမှာ -

၁။ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ၊

၂။ ပြည်သူ့ကျန်းမာရေးနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊

၃။ ကုသရေးလုပ်ငန်းတို့ ဖြစ်ကြပါသည်။

## ၁။ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ

(၁-၁) မြို့နယ်ကျန်းမာရေးလုပ်ငန်းအဖွဲ့ (THWG) တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊

(၁-၂) မြို့နယ်သင်ကြားရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊

(၁-၃) တိုက်နယ်ဆေးရုံ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်း၍ ကုသရေးနှင့် ဝန်ထမ်းရေးရာကိစ္စများ ဆောင်ရွက်ခြင်း၊

(၁-၄) ဝန်ထမ်းများအား လုပ်ငန်းတာဝန် ခွဲဝေသတ်မှတ်ပေးခြင်း၊

(၁-၅) ဝန်ထမ်းအင်အား၊ အဆောက်အဦအခြေအနေ၊ ပစ္စည်းကိရိယာ၊ ဆေးဝါးများ ပြည့်စုံခြင်း ရှိ/မရှိ ကြီးကြပ်ခြင်းနှင့် မြို့နယ်သို့ တင်ပြခြင်း၊

(၁-၆) လုပ်ငန်းဆိုင်ရာ စာရင်းဇယားများ၊ လချုပ်များ၊ အစီရင်ခံစာများကို စစ်ဆေးခြင်း၊ သုံးသပ်ခြင်း၊ မြို့နယ်သို့ အစီရင်ခံခြင်း၊

(၁-၇) ဆေးရုံ/ဆေးခန်း၊ လူနာဆောင်၊ ခွဲစိတ်ခန်းနှင့် သားဖွားခန်းများ သန့်ရှင်းရေး၊ စွန့်ပစ်ပစ္စည်းကိစ္စ စသည်တို့ကို စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(၁-၈) တိုက်နယ်ကျန်းမာရေးဌာနလုပ်ငန်းများကို လစဉ်ပုံမှန် စောင့်ကြပ်ကြည့်ရှုခြင်း၊ ဆန်းစစ်ခြင်း၊ အထက်အဆင့်သို့ တင်ပြခြင်း၊

(၁-၉) တိုက်နယ်အတွင်းရှိ ကျန်းမာရေးဌာန/ဌာနခွဲအားလုံးသို့ "တစ်လလျှင် အနည်းဆုံး တစ်ကြိမ်" ပုံမှန်ကွင်းဆင်း၍ စစ်ဆေးခြင်း၊ မြို့နယ်သို့ အစီရင်ခံခြင်း၊

(၁-၁၀) မြို့နယ်လပတ်အစည်းအဝေးနှင့် CME များကို ပုံမှန်တက်ရောက်ခြင်း။

၂။ **ပြည်သူ့ကျန်းမာရေးနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ**

(၂-၁) ပြည်သူ့ကျန်းမာရေးနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို မိမိဌာနရှိ သက်ဆိုင်ရာ အခြေခံကျန်းမာရေးဝန်ထမ်းများအား တာဝန်ပေး၍ ကြီးကြပ်ဆောင်ရွက်ခြင်း၊

(၂-၂) အားလုံးပါဝင်သော မြို့နယ်ကျန်းမာရေးစီမံကိန်းပါ မိမိဌာန ဆောင်ရွက်ရန်ကိစ္စရပ်များကို အောင်မြင်အောင် အကောင်အထည်ဖေါ်ခြင်း၊ ကြီးကြပ်ခြင်း၊

(၂-၃) စီမံကိန်းဝင်ရောဂါများ တိုက်ဖျက်ရေးလုပ်ငန်းတွင် လျာထားချက်၊ ရည်မှန်းချက်ပြည့်မီရေးအတွက် တာဝန်ခံဆောင်ရွက်ခြင်း၊

(၂-၄) ထူးခြားဖြစ်စဉ်နှင့် ကပ်ရောဂါဖြစ်ပွားချိန်များတွင် TMO ထံ ချက်ချင်းသတင်းပို့၍ Rapid Response Team ဖြင့် တုံ့ပြန်ဆောင်ရွက်ခြင်း၊

(၂-၅) ဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းကို ကိုယ်တိုင်ဦးဆောင်၍ ဆောင်ရွက်ခြင်း၊

(၂-၆) ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊

(၂-၇) ကျန်းမာရေးဌာနများမှထွက်သော စွန့်ပစ်ပစ္စည်းများကို စနစ်တကျသိမ်းဆည်းစွန့်ပစ်တတ်စေရန် ဝန်ထမ်းများအား အသိပညာပေးခြင်း၊ လက်တွေ့လိုက်နာဆောင်ရွက်စေရန် ကြပ်မတ်ခြင်း၊

(၂-၈) ပြည်သူ့ကျန်းမာရေးလုပ်ငန်းများနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းလချုပ်အစီရင်ခံစာများကို စစ်ဆေးတင်ပြခြင်း။

၃။ **ကုသရေးလုပ်ငန်း**

(၃-၁) ဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဌာနများ၏ ကုသမှုအရည်အသွေး (Quality of care) ကို စံချိန်စံညွှန်းများ (Standard of Care) အတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊

(၃-၂) အခြေခံကျသည့် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် ပါဝင်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲအားလုံးက အဆင်သင့်ဖြစ်အောင်၊ ပေးစွမ်းနိုင်အောင် စီမံခြင်း၊ ကြီးကြပ်ခြင်း၊

(၃-၃) လူနာညွှန်းပို့စနစ် ပီပြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၃-၄) အဓိကဆေးဝါး၊ အထူးဆေးဝါးများ လက်ခံခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း စသည်တို့ စနစ်ကျနမှု ရှိ/မရှိ စစ်ဆေးခြင်း၊ စံညွှန်းကုထုံး လမ်းညွှန်ချက် (Standard Treatment Guideline) အတိုင်း သုံးစွဲတတ်စေရန် ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးခြင်း၊

(၃-၅) ရဲမှူခင်းကိစ္စ၊ ရင်ခွဲရုံကိစ္စများနှင့်ပတ်သက်၍ လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခြင်း၊

(၃-၆) ခါတ်ခွဲခန်းနှင့် ခါတ်မှန်ခန်း ပုံမှန်လည်ပတ်နေအောင် စီမံခြင်း၊ ကြီးကြပ်ခြင်း၊

(၃-၇) ဆေးရုံလချုပ် အစီရင်ခံစာများ စစ်ဆေးခြင်း၊ အစီရင်ခံခြင်း။

# အခန်း (၄)

# မြို့နယ်ကျန်းမာရေးမှူး၏ တာဝန်နှင့်ဝတ္တရားများ

မြို့နယ်ကျန်းမာရေးမှူး၏ တာဝန်ဝတ္တရားများမှာ-

၁။ စီမံခန့်ခွဲရေးလုပ်ငန်း၊

၂။ ပြည်သူ့ကျန်းမာရေးလုပ်ငန်းနှင့်

၃။ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းတို့ ဖြစ်ပါသည်။

## ၁။ စီမံခန့်ခွဲရေးလုပ်ငန်း

(၁-၁) အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ကျန်းမာရေးဌာန/ဌာနခွဲ အဆောက်အဦ၊ ဝန်ထမ်းအိမ်ရာ အချက်အလက်များ စာရင်းပြုစုခြင်း၊ ဆန်းစစ်ခြင်း၊ သုံးသပ်တင်ပြခြင်း၊

(၁-၂) ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများ၏ ဆေးနှင့်ဆေးပစ္စည်းရရှိမှု၊ သိုလှောင်၊ ဖြန့်ဖြူးမှုစနစ်ကို ကြီးကြပ်ခြင်း၊

(၁-၃) သင်ကြားရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခြင်း။

## ၂။ ပြည်သူ့ကျန်းမာရေးလုပ်ငန်း

(၂-၁) အားလုံးပါဝင်သော မြို့နယ်ကျန်းမာရေးစီမံကိန်း ရေးဆွဲရာတွင် ပါဝင်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊

(၂-၂) မြို့နယ်များ၏ ပြည်သူ့ကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုကို လစဉ် ကွင်းဆင်းကြီးကြပ်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို ဆန်းစစ်ခြင်းနှင့် အထက်သို့ အစီရင်ခံတင်ပြခြင်း၊

(၂-၃) လစဉ်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သက်ဆိုင်ရာ အထက်အဆင့်သို့ တင်ပြခြင်း၊

## ၃။ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း

(၃-၁) ကူးစက်မြန်နှင့် ကူးစက်ရောဂါများ ဖြစ်ပွားမှုကို စောင့်ကြပ်ကြည့်ရှုခြင်း (Disease Surveillance)၊ ကူးစက်ရောဂါများမဖြစ်အောင် ဆောင်ရွက်ခြင်းနှင့် အစီရင်ခံတင်ပြခြင်း၊

(၃-၂) ကပ်ရောဂါဖြစ်ပွားပါက ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊

(၃-၃) စီမံကိန်းဝင်ရောဂါများ တိုက်ဖျက်ရေးလုပ်ငန်း ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊

(၃-၄) မကူးစက်နိုင်သောရောဂါများ ကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊

(၃-၅) ဘေးအန္တရာယ်နှင့် အရေးပေါ်ကျန်းမာရေးအခြေအနေ ကြိုတင်ကာကွယ်ခြင်း၊ တုံ့ပြန်ခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အစီရင်ခံတင်ပြခြင်း၊

(၃-၆) မြို့နယ်အဆင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများ လုပ်ငန်းအစီအစဉ်ရေးဆွဲရာတွင် ပါဝင်ကူညီခြင်းနှင့် ကြီးကြပ်ခြင်း။

# အခန်း (၅)

# မြို့နယ်သူနာပြုဆရာမကြီး၏ တာဝန်နှင့်ဝတ္တရားများ

မြို့နယ်သူနာပြုဆရာမကြီးသည် သူနာပြုနှင့် သားဖွားလုပ်ငန်းများကို ကြီးကြပ်ရန် တာဝန်ရှိပါသည်။

၎င်း၏ အဓိကတာဝန်ဝတ္တရားများမှာ -

၁။ စီမံခန့်ခွဲရေးလုပ်ငန်းနှင့်

၂။ ပြည်သူ့ကျန်းမာရေးလုပ်ငန်းတို့ ဖြစ်ပါသည်။

## ၁။ စီမံခန့်ခွဲရေးလုပ်ငန်း

(၁-၁) သူနာပြုများ၊ အမျိုးသမီးကျန်းမာရေးဆရာမနှင့် သားဖွားဆရာမတို့၏ အင်အားစာရင်း၊ ကိုယ်ရေးအချက်အလက်များကို ပြုစု၍ မှတ်တမ်းတင်ခြင်း၊ အထက်သို့ အစီရင်ခံခြင်း၊

(၁-၂) သူနာပြု၊ သားဖွားကျင့်ဝတ်နှင့်အညီ လိုက်နာကျင့်သုံးနိုင်စေရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊

(၁-၃) သူနာပြု၊ သားဖွားများကို ဝန်ထမ်းစည်းကမ်း လိုက်နာစေရန် ကြီးကြပ်ခြင်း၊ စည်းကမ်းမလိုက်နာပါက အထက်အရာရှိထံ တင်ပြခြင်း၊

(၁-၄) စဉ်ဆက်မပြတ် သူနာပြုပညာ တိုးတက်ရေး ဆောင်ရွက်ခြင်း (Continuing Nursing Education: CNE)၊

(၁-၅) မြို့နယ်သင်ကြားရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခြင်း။

## ၂။ ပြည်သူ့ကျန်းမာရေးလုပ်ငန်း

### (၂-၁) အဓိက တာဝန်ယူ ကြီးကြပ်ရမည့် လုပ်ငန်းများ

(၂-၁-၁) မိခင်၊ မွေးကင်းစနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေး လုပ်ငန်းများ၊

(၂-၁-၂) မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ (Logistic Management အပါအဝင်)၊

(၂-၁-၃) အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများ၊

(၂-၁-၄) ကျန်းမာရေးအသိပညာ မြှင့်တင်ရေးလုပ်ငန်းများ၊

(၂-၁-၅) တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊

(၂-၁-၆) မိမိမြို့နယ်ရှိ ဒေသန္တရကျန်းမာရေးဌာန၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများသို့ လစဉ်ကွင်းဆင်းစစ်ဆေးခြင်း။

(၂-၂) **ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများ**

(၂-၂-၁) ကျောင်းကျန်းမာရေးလုပ်ငန်းများ၊

(၂-၂-၂) သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ၊

(၂-၂-၃) ကူးစက်မြန်နှင့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများ၊

(၂-၂-၄) စီမံကိန်းဝင်ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ၊

(၂-၂-၅) လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင် ကျန်းမာရေးလုပ်ငန်းများ၊

(၂-၂-၆) ဖွား/သေမှတ်ပုံတင်ခြင်းလုပ်ငန်းများ။

# အခန်း (၆)

# ကျန်းမာရေးမှူးအဆင့်(၁)၏ တာဝန်နှင့်ဝတ္တရားများ

ကျန်းမာရေးမှူးအဆင့်(၁)၏ တာဝန်နှင့်ဝတ္တရားများမှာ -

၁။ စီမံခန့်ခွဲရေးလုပ်ငန်း၊

၂။ ပြည်သူ့ကျန်းမာရေးလုပ်ငန်း၊

၃။ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းတို့ ဖြစ်ပါသည်။

## ၁။ **စီမံခန့်ခွဲရေးလုပ်ငန်းများ**

### (၁-၁) **အထွေထွေ စီမံခန့်ခွဲရေး**

(၁-၁-၁) ကျန်းမာရေးမှူး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁)နှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)တို့၏ အင်အားစာရင်း၊ ကိုယ်ရေးအချက်အလက်များကို ပြုစု၍ မှတ်တမ်းတင်ခြင်း၊ အထက်အဆင့်သို့ အစီရင်ခံခြင်း၊

(၁-၁-၂) အခြေခံကျန်းမာရေးဝန်ထမ်းများ တာဝန်ကျကျေးရွာတွင် နေထိုင်တာဝန်ထမ်းဆောင်နိုင်စေရန် ဒေသခံများနှင့် ညှိနှိုင်းစီစဉ်ပေးခြင်း၊ လိုအပ်ပါက အထက်သို့ တင်ပြခြင်း၊

(၁-၁-၃) မြို့နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာစေရန် ကြီးကြပ်ခြင်း၊ စည်းကမ်းမလိုက်နာပါက မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးထံ တင်ပြခြင်း၊

(၁-၁-၄) ဆေးနှင့် ဆေးပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ တွက်ချက်၊ မှာယူ၊ လက်ခံ၊ ဖြန့်ဖြူးရာတွင် ကြီးကြပ်ခြင်း၊ သက်ဆိုင်ရာ ကျွမ်းကျင်သူနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၁-၁-၅) အခြေခံကျန်းမာရေးဌာနများ၏ အဆောက်အဦစာရင်း ပြုစုခြင်းနှင့် လိုအပ်မှုများကို တင်ပြခြင်း၊

(၁-၁-၆) ကျေးလက်ကျန်းမာရေးဌာနများက ကောက်ယူပေးပို့သော ကျန်းမာရေးသတင်းအချက်အလက်များကို စိစစ်ခြင်း၊ DHIS II တွင် ဖြည့်သွင်းမှုကို ကြီးကြပ်ခြင်း၊

(၁-၁-၇) ကျန်းမာရေးစောင့်ရှောက်မှုရလဒ် အညွှန်းကိန်းများ တွက်ချက်ပြုစု၍ ဇယား၊ ဂရပ်၊ ဘား စသည်များ ရေးဆွဲခြင်း၊

(၁-၁-၈) မြို့နယ်သင်ကြားရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခြင်း။

**(၁-၂) ပြည်သူ့ကျန်းမာရေးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲရေး**

(၁-၂-၁) မြို့နယ်ကျန်းမာရေးလုပ်ငန်းအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်၍ အားလုံးပါဝင်သော မြို့နယ်ကျန်းမာရေးစီမံကိန်း ရေးဆွဲရာတွင် ပါဝင်ခြင်း၊

(၁-၂-၂) အဆိုပါ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ပုံမှန်ကွင်းဆင်းကြီးကြပ်ခြင်း၊ ဆန်းစစ်ခြင်းနှင့် သုံးသပ်အကြံပြုချက်များကို တင်ပြခြင်း၊

(၁-၂-၃) မြို့နယ်အဆင့် ကျန်းမာရေးအသိပညာ မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(၁-၂-၄) လချုပ်အစီရင်ခံစာများကို မြို့နယ်သူနာပြုဆရာမကြီးနှင့် ပူးပေါင်း၍ ပြုစုခြင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးထံ တင်ပြခြင်း၊

(၁-၂-၅) ဖွား/သေမှတ်ပုံတင်ခြင်းလုပ်ငန်းများ စစ်ဆေးပေးခြင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးထံ တင်ပြခြင်း၊

(၁-၂-၆) နီးနွယ်ဌာန၊ လူမှုအဖွဲ့အစည်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း။

## ၂။ ပြည်သူ့ကျန်းမာရေးလုပ်ငန်း

**(၂-၁) အဓိက တာဝန်ယူကြီးကြပ်ရမည့် လုပ်ငန်းများ**

(၂-၁-၁) ပတ်ဝန်းကျင်ကျန်းမာရေးလုပ်ငန်း၊

(၂-၁-၂) လုပ်ငန်းခွင်ကျန်းမာရေးလုပ်ငန်း၊

(၂-၁-၃) ကျောင်းကျန်းမာရေးလုပ်ငန်း၊

(၂-၁-၄)	အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးလုပ်ငန်း၊

(၂-၁-၅)	တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း။

(၂-၂) ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲအဆင့်ထိ ပုံမှန်ကွင်းဆင်း စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း။

(၂-၃) လစဉ် လကုန်ရက်တိုင်းတွင် ကျင်းပသော စဉ်ဆက်မပြတ် ဆေးပညာသင်ကြား ပို့ချခြင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခြင်း (Continuing Medical Education: CME) ။

## ၃။ **ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း**

(၃-၁) စောင့်ကြပ်ကြည့်ရှုရသောရောဂါ (၁၇)မျိုးစာရင်းကို လစဉ်စုစည်းခြင်း၊ စောင့်ကြပ်ခြင်း၊ အထက်အဆင့်သို့ အစီရင်ခံခြင်း၊

(၃-၂) မျက်ခြေမပြတ် စောင့်ကြပ်ကြည့်ရှုရသော ရောဂါများ (လတ်တလောပျော့ ခွေ အကြောသေရောဂါ၊ မွေးကင်းစမေးခိုင်၊ ဝက်သက်၊ တုပ်ကွေးကဲ့သို့ နာမကျန်းဖြစ်ခြင်း - Influenza Like Illness စသည်)ကို အပတ်စဉ် စုစည်း၍ အစီရင်ခံခြင်း၊ ဖြစ်ပေါ်လာပါက စုံစမ်းစစ်ဆေးခြင်း၊

(၃-၃) ကူးစက်မြန်နှင့် ကူးစက်ရောဂါများ ဖြစ်ပွားမှုကို စောင့်ကြပ်ကြည့်ရှုခြင်း (Disease Surveillance) ၊

(၃-၄) စီမံကိန်းဝင်ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို ကြီးကြပ်ခြင်း၊

(၃-၅) ထူးခြားဖြစ်စဉ် (သို့မဟုတ်) ကပ်ရောဂါ ဖြစ်ပေါ်လာပါက ကာကွယ်ခြင်း နှင့် နှိမ်နင်းခြင်း၊

(၃-၆) မကူးစက်နိုင်သောရောဂါများ ကာကွယ်ရေးလုပ်ငန်းများအား ဆောင်ရွက် ခြင်း၊

(၃-၇) သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက် ခြင်း၊

# အခန်း (၇)

# ကျန်းမာရေးမှူး၏ တာဝန်နှင့်ဝတ္တရားများ

ကျန်းမာရေးမှူးသည် ကျေးလက်ကျန်းမာရေးဌာနကို တာဝန်ယူ ဆောင်ရွက်ရပါသည်။ ကျန်းမာရေးမှူး၏ တာဝန်ဝတ္တရားများမှာ -

၁။ စီမံခန့်ခွဲရေးလုပ်ငန်း၊

၂။ ပြည်သူ့ကျန်းမာရေးလုပ်ငန်း၊

၃။ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊

၄။ ကုသရေးလုပ်ငန်းတို့ ဖြစ်ပါသည်။

## ၁။ စီမံခန့်ခွဲရေးလုပ်ငန်း

### (၁-၁) အထွေထွေ စီမံခန့်ခွဲရေး

(၁-၁-၁) မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးကို တာဝန်ခံ၍ ကျေးလက်ကျန်းမာရေးဌာန ပင်မဆေးခန်း၊ ဌာနခွဲဆေးခန်းများနှင့် နေအိမ်များတွင် ဝန်ထမ်းများကို စနစ်တကျ နေရာချထားပေးခြင်း၊ အဆင်ပြေအောင် စီစဉ်ပေးခြင်း၊

(၁-၁-၂) ဝန်ထမ်းများ စည်းကမ်းလိုက်နာစေရန် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ခြင်း။

(၁-၁-၃) အဆောက်အဦများနှင့် လုပ်ငန်းသုံးပစ္စည်းများ ထိန်းသိမ်းခြင်း၊ ပြုပြင်ရန် (သို့) အသစ်တောင်းခံရန်ရှိပါက အဆင့်ဆင့် တင်ပြတောင်းခံခြင်း၊

(၁-၁-၄) ဆေးခန်းဝန်းကျင်စိမ်းလန်းစိုပြေရေး၊ သန့်ရှင်းရေး၊ ဆိုင်းဘုတ်၊ အလံတိုင်၊ အဝင်အထွက်လမ်းများ ကောင်းမွန်ရေးအတွက် အစဉ်အမြဲ ကြပ်မတ်ဆောင်ရွက်ခြင်း၊

(၁-၁-၅) ကျေးလက်ကျန်းမာရေးဌာနတွင် အောက်ပါတို့ကို ချိတ်ဆွဲပြသထားခြင်း -

- နယ်မြေ၏ ဒေသဆိုင်ရာအချက်အလက်များ (ကျေးရွာ၊ လှည်းလမ်း၊ ကားလမ်း၊ မီးရထားလမ်း၊ ကျောင်း၊ ဌာနခွဲ

- စသည်)ပါဝင်သည့် မြေပုံကြီးတစ်ချပ်၊
- ကျေးလက်ကျန်းမာရေးဌာန ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား၊
- လူဦးရေဆိုင်ရာ အချက်အလက်များ၊
- တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း အခြေအနေပြဇယား၊
- ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေထွက်ပင်ရင်း အခြေအနေပြဇယား၊
- နယ်မြေ၏ ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများကို နှစ်အလိုက်ဖော်ပြသည့်ဇယား (သို့) ဂရပ်၊
- ကျန်းမာရေးပညာ ပိုစတာများ။

(၁-၁-၆) မှတ်တမ်းများ၊ မှတ်ပုံတင်စာအုပ်၊ ညွှန်ကြားလွှာ၊ အစီရင်ခံစာများ စသည်တို့ကို ဖိုင်တွဲများ ဖြင့် စနစ်တကျထားခြင်း၊

(၁-၁-၇) ကျေးလက်ကျန်းမာရေးဌာန လပါတ်အစည်းအဝေးကို လတစ်လ၏ နောက်ဆုံးပတ်တွင် ပုံမှန်ကျင်းပခြင်း၊ တစ်ဦးချင်း၏ လချုပ်များကို စုစည်း၍ ဌာနလချုပ်ကို ပြုစုပြီးနောက် အချိန်မီပေးပို့ခြင်း၊

(၁-၁-၈) ဖွား/သေမှတ်ပုံတင်လုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်း၊

(၁-၁-၉) ကျေးရွာအုပ်စု ကျန်းမာရေးလုပ်ငန်းအဖွဲ့များ၊ မိတ်ဖက်စေတနာ့ဝန်ထမ်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းကျန်းမာရေး လုပ်သားများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၁-၁-၁၀) မိမိဌာနနှင့်ပတ်သက်သော ဆေးနှင့်ဆေးပစ္စည်း၊ ငွေရေး ကြေးရေး ကိစ္စများကို စီမံခန့်ခွဲခြင်း၊ အစီရင်ခံခြင်း၊

(၁-၁-၁၁) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှ ထွက်သော စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲခြင်း။

## (၁-၂) **ကွင်းဆင်းမှုဆိုင်ရာ စီမံခန့်ခွဲရေး**

(၁-၂-၁) ကျန်းမာရေးမှူးနှင့် အမျိုးသမီးကျန်းမာရေးဆရာမတို့သည် အလှည့်ကျ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် ပံ့ပိုးပေးခြင်း၊

(၁-၂-၂) လက်အောက်ခံဝန်ထမ်းများသည် ကြိုတင်ခရီးစဉ်အတိုင်း ကွင်းဆင်းခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ ဝန်ထမ်းများ စည်းကမ်းဖောက်ဖျက်မှု၊ လုပ်ငန်းအားနည်းမှုတွေ့ရှိပါက မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးထံ အစီရင်ခံခြင်း၊

(၁-၂-၃) ကွင်းဆင်းချိန်တွင် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများ၏ လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊ ပံ့ပိုးကူညီ ဆောင်ရွက်ခြင်း။

(၁-၃) **ပြည်သူ့ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲရေး**

(၁-၃-၁) ကျေးလက်ကျန်းမာရေးဌာန၏ "လုပ်ငန်းအစီအစဉ်" ကို ပြည်သူလူထုနှင့်အတူ ပူးပေါင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(၁-၃-၂) ကျေးလက်ကျန်းမာရေးဌာန၏ လုပ်ငန်းများကို (၃)လတစ်ကြိမ်ဆန်းစစ်ဆွေးနွေးခြင်း၊

၂။ **ပြည်သူ့ကျန်းမာရေးလုပ်ငန်း**

အောက်ပါ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရမည် -

(၂-၁) မိခင်၊ မွေးကင်းစနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေး၊ မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်း၊

(၂-၂) အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း၊

(၂-၃) ကျောင်းကျန်းမာရေးလုပ်ငန်း၊

(၂-၄) ပတ်ဝန်းကျင်ကျန်းမာရေးလုပ်ငန်း၊

(၂-၅) ပဏာမ သွားနှင့်ခံတွင်းကျန်းမာရေးလုပ်ငန်း၊

(၂-၆) လုပ်ငန်းခွင်ကျန်းမာရေးလုပ်ငန်း၊

(၂-၇) အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်း၊

(၂-၈) ကျန်းမာရေးအသိပညာမြှင့်တင်ရေးဆိုင်ရာလုပ်ငန်း၊

၃။ **ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း**

အောက်ပါရောဂါနှိမ်နင်းရေးလုပ်ငန်းများကို ဦးဆောင်တာဝန်ယူ ဆောင်ရွက်ရမည် -

(၃-၁) ကူးစက်မြန်နှင့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊

(၃-၂) စီမံကိန်းဝင်ရောဂါများ တိုက်ဖျက်ရေးလုပ်ငန်း၊

(၃-၃) တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊

(၃-၄) ဘေးအန္တရာယ်နှင့် အရေးပေါ်ကျန်းမာရေးအခြေအနေ စီမံခန့်ခွဲခြင်း၊

(၃-၅) မကူးစက်နိုင်သောရောဂါများ ကာကွယ်ကုသရေးလုပ်ငန်း။

၄။ **ကုသရေးလုပ်ငန်း**

(၄-၁) ကျေးလက်ကျန်းမာရေးဌာနပင်မတွင် ဆေးခန်းဖွင့်လှစ်၍ အမျိုးသမီးကျန်းမာရေးဆရာမနှင့် အလှည့်ကျ ပုံမှန် ကုသရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၄-၂) အခြေခံကျသည့် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ (Basic EPHS) ကို လူထုလက်လှမ်းမီအောင် စီစဉ်ဆောင်ရွက်ခြင်း၊

(၄-၃) ဆေးကုသရာတွင် မိမိအား သင်ကြားထားသည့်အဆင့်နှင့် တာဝန်ပေးချက်အတိုင်းအတာအထိသာ ဆောင်ရွက်ပေးခြင်း၊

(၄-၄) အရေးအပေါ်လူနာများကို လိုအပ်သလို ကုသမှုပေး၍ အထက်အဆင့်သို့ ညွှန်းပို့ခြင်း၊

(၄-၅) ရာဇဝတ်မှုနှင့်ပတ်သက်သော လူနာများကို ရှေးဦးသူနာပြုစု၍ အထက်အဆင့်သို့ ညွှန်းပို့ခြင်း၊

(၄-၆) မြွေကိုက်လူနာများကို ရှေးဦးပြုစုခြင်းနှင့်အတူ (Initial Treatment with ASV) ပေးပြီး သက်ဆိုင်ရာသို့ အမြန်ညွှန်းပို့ခြင်း။

# အခန်း (၈)

# ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁)၏ တာဝန်နှင့်ဝတ္တရား

ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁)သည် တိုက်နယ်ဆေးရုံနှင့် တိုက်နယ်ကျန်းမာရေးဌာနများတွင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရပါသည်။

ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁)၏ တာဝန်ဝတ္တရားများမှာ -

၁။ စီမံခန့်ခွဲရေးလုပ်ငန်း၊

၂။ ပြည်သူ့ကျန်းမာရေးလုပ်ငန်း၊

၃။ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းတို့ ဖြစ်ကြပါသည်။

## ၁။ စီမံခန့်ခွဲရေးလုပ်ငန်း

(၁-၁) တိုက်နယ်ကျန်းမာရေးဌာနနှင့်ပတ်သက်၍ နယ်နိမိတ်ပြမြေပုံကို ပြုစုခြင်း၊ အခြေခံအချက်အလက်များ စာရင်းဇယားပြုစုခြင်း၊

(၁-၂) ကွင်းဆင်းချိန်တွင် သားဖွားဆရာမများ၊ ကြီးကြပ်(၂)များ၊ စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများ၏ ဆောင်ရွက်ချက်များကို စိစစ်ခြင်း၊ ကြီးကြပ်ခြင်း၊ သင်ကြားပေးခြင်း၊

(၁-၃) လက်အောက်ရှိ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်မှု အားနည်းပါက စည်းရုံး၍ ပညာပေးခြင်း၊ လိုအပ်ပါက အထက်သို့ တင်ပြအစီရင်ခံခြင်း၊

(၁-၄) စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(၁-၅) ဝန်ထမ်းများ၏ လချုပ်များအား စုစည်းခြင်း၊ စစ်ဆေးခြင်း၊ သုံးသပ်အကြံပြုချက်များ ပြန်လည်ပေးခြင်း၊ ဌာနလချုပ်ပြုစု၍ သက်ဆိုင်ရာသို့ ပေးပို့ခြင်း၊

(၁-၆) တိုက်နယ်ဆရာဝန်ခွင့်ရက်ရှည်ယူခြင်း၊ လစ်လပ်နေခြင်း စသည့်အချိန်များတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ ခွင့်ပြုချက်ဖြင့် သာမာန်ရုံးကိစ္စများ ဆောင်ရွက်ခြင်း၊

## ၂။ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ

### (၂-၁) အဓိက တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများ

(၂-၁-၁) ပတ်ဝန်းကျင်ကျန်းမာရေးလုပ်ငန်းများ၊

(၂-၁-၂) ရေကောင်းရေသန့်ရရှိရေး၊

(၂-၁-၃) မိလ္လာအညစ်အကြေးနှင့် အမှိုက်သရိုက်များ စနစ်တကျ စွန့်ပစ်ရေး၊

(၂-၁-၄) လုပ်ငန်းခွင်ကျန်းမာရေးလုပ်ငန်းများ၊

(၂-၁-၅) အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်း၊

(၂-၁-၆) ကျောင်းကျန်းမာရေးလုပ်ငန်း။

**(၂-၂) ပူးပေါင်းကူညီဆောင်ရွက်ရမည့် လုပ်ငန်းများ**

(၂-၂-၁) သွားနှင့်ခံတွင်းဆိုင်ရာ ရောဂါများနှင့်ပတ်သက်၍ ကာကွယ်ခြင်း၊ ကုသခြင်း၊ အသိပညာပေးခြင်း၊

(၂-၂-၂) မိခင်နှင့်ကလေးကျန်းမာဖွံ့ဖြိုးရေး၊ မျိုးဆက်ပွားကျန်းမာရေး လုပ်ငန်းများ၊

(၂-၂-၃) အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများ၊

(၂-၂-၄) ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများ၊

(၂-၂-၅) ဖွား/သေ မှတ်ပုံတင်ခြင်းလုပ်ငန်း။

## ၃။ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ

(၃-၁) ကူးစက်မြန်နှင့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး၊

(၃-၂) ဘေးအန္တရာယ်နှင့် အရေးပေါ်ကျန်းမာရေးအခြေအနေ စီမံခန့်ခွဲခြင်း၊

(၃-၃) တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊

(၃-၄) စီမံကိန်းဝင်ရောဂါများ တိုက်ဖျက်ရေး၊

(၃-၅) မကူးစက်နိုင်သောရောဂါများ ကာကွယ်ကုသရေး။

# အခန်း (၉)

# အမျိုးသမီးကျန်းမာရေးဆရာမ၏ တာဝန်နှင့်ဝတ္တရားများ

အမျိုးသမီးကျန်းမာရေးဆရာမသည် သားဖွားဆရာမများ၏ လုပ်ငန်းများကို အနီးကပ်ကြီးကြပ်ရပါသည်။

အမျိုးသမီးကျန်းမာရေးဆရာမ၏ တာဝန်ဝတ္တရားများမှာ -

၁။ စီမံခန့်ခွဲရေးလုပ်ငန်း၊

၂။ ပြည်သူ့ကျန်းမာရေးလုပ်ငန်း၊

၃။ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊

၄။ ကုသရေးလုပ်ငန်း(ဆေးခန်းဖွင့်လှစ်ခြင်း)တို့ ဖြစ်ကြပါသည်။

## ၁။ **စီမံခန့်ခွဲရေးလုပ်ငန်း**

အမျိုးသမီးကျန်းမာရေးဆရာမသည် ကျေးလက်ကျန်းမာရေးဌာနတွင် ကျန်းမာရေးမှူး တာဝန်ယူဆောင်ရွက်ရသည့်လုပ်ငန်းများကို ပူးပေါင်းကူညီ ဆောင်ရွက်ရပါသည်။

## ၂။ **ပြည်သူ့ကျန်းမာရေးလုပ်ငန်း**

### (၂-၁) **အဓိက တာဝန်ယူ ကြီးကြပ်ရမည့် လုပ်ငန်းများ**

သားဖွားဆရာမနှင့် အရန်သားဖွားဆရာမတို့ ဆောင်ရွက်နေသော အောက်ပါပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ဆေးခန်းတွင်လည်းကောင်း၊ ကွင်းဆင်း၍လည်းကောင်း မပြတ်မလပ် ကြီးကြပ်ရမည် -

(၂-၁-၁) မျိုးဆက်ပွား၊ မိသားစုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊

(၂-၁-၂) မိခင်၊ မွေးကင်းစနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေးလုပ်ငန်း၊

(၂-၁-၃) အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ (ကိုယ်တိုင်လည်း ပါဝင်ကူညီဆောင်ရွက်ရန်)၊

(၂-၁-၄) တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊

(၂-၁-၅) ဖွား/သေစာရင်းအင်းနှင့် ကျန်းမာရေးစာရင်းအင်း ကောက်ယူခြင်းလုပ်ငန်း၊

(၂-၁-၆) ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း။

(၂-၂) **ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများ**

(၂-၂-၁) ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်ကျန်းမာရေးလုပ်ငန်း၊

(၂-၂-၂) ကျောင်းကျန်းမာရေးလုပ်ငန်း၊

(၂-၂-၃) ပဏာမ သွားနှင့်ခံတွင်းဆိုင်ရာလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခြင်း။

၃။ **ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း**

အောက်ပါရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ကျန်းမာရေးမှူးနှင့် ပူးပေါင်းဆောင်ရွက်ရမည် -

(၃-၁) ကူးစက်မြန်နှင့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းခြင်း၊

(၃-၂) စီမံကိန်းဝင်ရောဂါများ တိုက်ဖျက်ရေးလုပ်ငန်း၊

(၃-၃) ဘေးအန္တရာယ်နှင့် အရေးပေါ်ကျန်းမာရေးအခြေအနေ စီမံခန့်ခွဲခြင်း၊

(၃-၄) မကူးစက်နိုင်သောရောဂါများ ကာကွယ်ကုသရေးလုပ်ငန်း။

၄။ **ကုသရေးလုပ်ငန်း(ဆေးခန်းဖွင့်လှစ်ခြင်း)**

(၄-၁) ကွင်းဆင်းလုပ်ငန်းများ မလစ်ဟင်းစေရန် ကျန်းမာရေးမှူးနှင့် ညှိနှိုင်း၍ အလှည့်ကျ ပင်မ ဆေးခန်းဖွင့်လှစ်ခြင်း၊

(၄-၂) ဆေးခန်းနှင့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်စွာရှိရေး စီမံဆောင်ရွက်ခြင်း၊

(၄-၃) "Basic EPHS" အစုအဖွဲ့စာရင်းတွင် ပါဝင်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်ခြင်း၊

(၄-၄) လူနာစာရင်း၊ ဆေးစာရင်း ပြုစုခြင်း။

မလွှဲမရှောင်သာမှ ဆောင်ရွက်ရမည့်တာဝန်များ (သားဖွားဆရာမ လစ်လပ်/ခွင့်ရက်ရှည်ယူ/ သင်တန်းတက်ခြင်း စသည်)

- ❖ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊
- ❖ ကလေးမွေးဖွားပေးခြင်း၊
- ❖ ကာကွယ်ဆေးထိုးပေးခြင်း။

# အခန်း (၁၀)

# သားဖွားဆရာမ၏ တာဝန်နှင့်ဝတ္တရားများ

သားဖွားဆရာမသည် မိခင်၊ မွေးကင်းစနှင့် (၅)နှစ်အောက်ကလေးများ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အဓိက ဆောင်ရွက်ရပါမည်။

၁။ **အဓိက ဆောင်ရွက်ရမည့် လုပ်ငန်းများ**

(၁-၁) ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ မွေးဖွားပေးခြင်းနှင့် မီးတွင်းမိခင် စောင့်ရှောက်ခြင်း၊

(၁-၂) မွေးကင်းစနှင့် (၅)နှစ်အောက်ကလေး ကျန်းမာဖွံ့ဖြိုးရေးလုပ်ငန်း၊

(၁-၃) မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်း၊

(၁-၄) အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊

(၁-၅) တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊

(၁-၆) ဆေးခန်းဖွင့်လှစ်ခြင်း (ကုသရေး)၊

(၁-၇) ဖွား/သေစာရင်းအင်းနှင့် ကျန်းမာရေးစာရင်းအင်း ကောက်ယူခြင်းလုပ်ငန်း၊

(၁-၈) ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း။

၂။ **ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများ**

(၂-၁) ကျောင်းကျန်းမာရေးလုပ်ငန်းများ၊

(၂-၂) ကူးစက်မြန်နှင့်ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းခြင်း လုပ်ငန်းများ၊

(၂-၃) မကူးစက်နိုင်သောရောဂါများ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ၊

(၂-၄) စီမံကိန်းဝင်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ၊

(၂-၅) ဘေးအန္တရာယ်နှင့် အရေးအပေါ်ကျန်းမာရေးအခြေအနေ စီမံခန့်ခွဲခြင်း လုပ်ငန်းများ၊

(၂-၆) ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင် ကျန်းမာရေးလုပ်ငန်းများ။

## ၃။ **တာဝန်ဝတ္တရားများကို လွှဲပြောင်းထမ်းဆောင်ခြင်း (Task Shifting)**

ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) ရက်ရှည်ခွင့်ယူခြင်း၊ လစ်လပ်နေခြင်းရှိပါက မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ အစီအမံဖြင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)၏ တာဝန်ဝတ္တရားများကို လွှဲပြောင်းထမ်းဆောင်ရမည်။

ဥပမာ - ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊
- ကူးစက်မြန်နှင့် ကူးစက်ရောဂါများ နှိမ်နင်းရေးလုပ်ငန်း၊
- စီမံကိန်းဝင်ရောဂါများ တိုက်ဖျက်ရေးလုပ်ငန်းများ စသည်တို့ ဖြစ်ပါသည်။

# အခန်း (၁၁)

# ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)၏ တာဝန်နှင့်ဝတ္တရားများ

ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)သည် သားဖွားဆရာမနှင့် တွဲဖက်လျှက် ရောဂါကာကွယ်နှိမ်နင်းရေးနှင့် ပတ်ဝန်းကျင်ကျန်းမာရေးလုပ်ငန်းများကို အဓိက တာဝန်ယူဆောင်ရွက်ရပါသည်။

၁။ **အဓိက ဆောင်ရွက်ရမည့် လုပ်ငန်းများ**

(၁-၁) ကူးစက်မြန်နှင့်ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး၊

(၁-၂) ဘေးအန္တရာယ်နှင့် အရေးအပေါ်ကျန်းမာရေးအခြေအနေ စီမံခန့်ခွဲခြင်း၊

(၁-၃) စီမံကိန်းဝင်ရောဂါတိုက်ဖျက်ရေး၊

(၁-၄) မကူးစက်နိုင်သောရောဂါများ ကာကွယ်ကုသရေး၊

(၁-၅) ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင် ကျန်းမာရေးလုပ်ငန်းများ၊

(၁-၆) ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်း၊

(၁-၇) ကျန်းမာရေးစာရင်းအင်း အချက်အလက်များ ကောက်ယူခြင်း၊ စုစည်းတင်ပြခြင်း။

၂။ **ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများ**

(၂-၁) မိခင်၊ မွေးကင်းစနှင့်(၅)နှစ်အောက်ကလေးကျန်းမာဖွံ့ဖြိုးရေး၊ မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်း၊

(၂-၂) အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း၊

(၂-၃) ကျောင်းကျန်းမာရေးလုပ်ငန်း၊

(၂-၄) တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊

(၂-၅) ဆေးခန်းတွင် ဆေးကုသရေးလုပ်ငန်း၊

(၂-၆) သွားနှင့်ခံတွင်းဆိုင်ရာ ကာကွယ်ရေးလုပ်ငန်း။

## ၃။ **တာဝန်ဝတ္တရားများကို လွှဲပြောင်းထမ်းဆောင်ခြင်း (Task Shifting)**

သားဖွားဆရာမ ရက်ရှည်ခွင့်ယူခြင်း၊ လစ်လပ်နေခြင်းရှိပါက မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ အစီအမံဖြင့် သားဖွားဆရာမ၏ တာဝန်ဝတ္တရားများကို လွှဲပြောင်းထမ်းဆောင်ရမည်။

ဥပမာ - ကာကွယ်ဆေးထိုးလုပ်ငန်း၊

- သားဆက်ခြားလုပ်ငန်း၊

- အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ စသည်တို့ဖြစ်ပါသည်။

3MDG

၂၀၁၈၊ အောက်တိုဘာလတွင် ပြင်ဆင်ထုတ်ဝေသည်။